ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမိန့်ကြော်ငြာစာအမှတ်၅၁/၂၀၁၇

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၉) ရက်
(၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ ၁၉ ရက်)

## အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန် မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၄၃ ပုဒ်မခွဲ(ခ) တို့အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၁၂ ပုဒ်မခွဲ(ည) နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဠ)တို့အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ပေးရန် မလိုသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

**၁။ အကောက်ခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် မပေးသော လုပ်ငန်းများအုပ်စု**

| အမှတ်စဉ် | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ |
|---|---|
| (က) | အရက်၊ ဘီယာ၊ စီးကရက် နှင့် အလားတူ ကုန်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ |
| (ခ) | ဓာတ်ဆီ၊ဒီဇယ်ဆီ၊စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ရောင်းချသည့်လုပ်ငန်းများ |
| (ဂ) | ယာဉ်ပြင်ဆင်မှုနှင့်အလားတူ ဝန်ဆောင်မှုလုပ်ငန်းများ |
| (ဃ) | နိုင်ငံသားများကောင်းစွာလုပ်ကိုင်နိုင်သည့် နည်းပညာမမြင့်မားဘဲ ရင်းနှီးမြှုပ်နှံမှုပမာဏ အနည်းငယ်ဖြင့် ဆောင်ရွက်သည့် စက်မှုလုပ်ငန်းများ (လုပ်သား အင်အား အများအပြား အသုံးပြုသည့် လုပ်ငန်းများမပါ) |
| (င) | သစ်တောနယ်မြေ(ကြိုးဝိုင်း၊ကြိုးပြင်ကာကွယ်တော)အား နှစ်ရှည် ငှားရမ်းပြီး စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ သစ်တောခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း |
| (စ) | သဘာဝအရင်းအမြစ်တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ(ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းမပါ) |
| (ဆ) | အဆောက်အအုံဆောက်လုပ်၍ပြန်လည် ရောင်းချသည့် လုပ်ငန်းများ |
| (ဇ) | ယာဉ်၊ စက်ယန္တရား ငှားရမ်းသည့် ဝန်ဆောင်မှု လုပ်ငန်းများ |
| (ဈ) | စားသောက်ဆိုင်နှင့် အစားအသောက် ရောင်းချသည့် လုပ်ငန်းများ |

၂။ နို့နှင့်နို့ထွက်ပစ္စည်းနှင့် သက်ဆိုင်သော စားသောက်ကုန်လုပ်ငန်းများကို ကုန်သွယ်လုပ်ငန်း ခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်မပေးဘဲ အကောက်ခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးမည့် လုပ်ငန်း အဖြစ် သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာပါ ကိစ္စရပ်များသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ကော်မရှင်က ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်သာ သက်ဆိုင်စေရမည်။

(ဇေယျာအောင်)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၆ /၁ /၂၀၁၄( ၀၀၅၀)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး }
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန်